စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

တနိုင်းမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှတ်တမ်း(၂၀၁၈-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကော်မတီ

ဂျူဆာဒီးကျေးရွာ၊ တနိုင်းမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၁၉ခုနှစ် မေလ

မာတိကာ

၁။တည်နေရာနှင့်ပထဝီအနေအထား

၂။ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

၃။ကျေးရွာရှိကဏ္ဍာအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က)ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ)စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(ဂ)အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ)ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု

(င)ပညာရေး

(စ)ကျန်းမာရေး

(ဆ)ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ)ကျား-မရေးရာ

၄။ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ(၁)-ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

CamScanner

၁။တည်နေရာနှင့်ပထဝီအနေအထား

ကျိုဆာဒီကျေးရွာသည်ကချင်ပြည်နယ်မြစ်ကြီးနားခရိုင်၊ တနိုင်းမြို့နယ် မိုင်ခွန်ကျေးရွာအုပ်စု ၊တနိုင်းမြို့၏ အနောက်တောင်ဘက်တွင်ရှိပြီး တနိုင်းမြို့မှ (၄)မိုင်အကွာ နန်ဗျူးချောင်းဘေးတွင် တည်ရှိပါသည်။ကျေးရွာသည် မြေပြန့်တွင်တည်ရှိပြီး ကျေးရွာပတ်လည်တွင်အင်းများ ရှိခြင်းကြောင့် မိုးတွင်းကာလ တွင်ရေလွှမ်းမိုးမှုကို နှစ်စဉ်ခံရပါသည်။ ကျိုဆာဒီးကျေးရွာသည် တနိုင်း-မိုင်ခွန် လမ်း ပေါ်တွင် တည်ရှိပါသည်။ ကျေးရွာသည်၂၀၁၃ ခုနှစ်မှစ၍ လီဆူအများစုနှင့် ရခိုင်၊ဗမာ၊ ကချင်၊ ကရင် လူနည်းစုတို့သည်အလွှာ ပေါင်းစုံ လူမျိုးပေါင်းစုံ နေထိုင်ကြပါသည်။

၂။ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

နှစ်စဉ်မိုးရေချိန်လက်မ (၁၁၅) ခန့်ရရှိသည်။ သဘာဝပေါက်ပင်များမှဝါးပင်နှင့် ငှက်ပျော ပင် အနည်း ငယ် သာရှိပါသည်။ မိုးစပါးသီးနှံ စိုက်ပျိုးနိုင်သော လယ်ဧက(၁၀၁)ဧက၊တောင်ယာ (၁၂၆)ဧက၊ဥယျာဉ်(၁၀) ဧက ၊ မြေလွတ်(၁၃)ဧကရှိပြီး စပါးနှင့်ဟင်းသီးဟင်းရွက်များ စိုက် ပျိုး နိုင်ပါသည်။ ကျေးရွာပတ်ဝန်းကျင်ရှိ အင်းများ၊ ချောင်းများရှိသော်လည်း ၄င်းတို့မှ ရေကို စိုက်ပျိုး ရေးအတွက်အသုံးမပြုနိုင်ခြင်းမရှိသေးဘဲ မိုးရေသာအားကိုး၍ စိုက်ပျိုးနေရပါသည်။ သဘာဝဆေး ဖက်ဝင်အပင်များ ရှားပါးလာပါသည်။

၃။ကျေးရွာရှိကဏ္ဍာအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် အဖွဲ့ပေါင်း(၅)ဖွဲ့ရှိပြီးစီးပွားရေးကို အခြေခံသောအဖွဲ့(၁)ဖွဲ့ ရှိ၍ လူမှုရေးနှင့် ဘာသာရေးပူးတွဲလုပ်ဆောင်နေသောအဖွဲ့(၄)ဖွဲ့ရှိပါသည်။၄င်းအဖွဲ့များကိုသုံးသပ်ရာတွင် ကျေးရွာမှ မိမိတို့ကိုယ်တိုင်လိုအပ်ချက်အရဖွဲ့စည်းသောအဖွဲ့များသည်တာဝန်ယူမှု၊တာဝန်ခံမှု အပြည့်အဝရှိပြီး လူထုနှင့်လည်းအချင်းချင်း အပြန်အလှန် ယုံကြည်မှုရှိပါသည်။ လုပ်ငန်းလုပ်ဆောင်မှုကောင်းမွန်ပြီး ကြာရှည်လည်းရပ်တည်နိုင်ကြသည်။ပြင်ပအဖွဲ့အစည်းများ မရှိကြောင်းတွေ့ရှိရပါသည်။ သက်ဆိုင် ရာစီမံချက်လုပ်ငန်းအကောင်းအထည်ဖော်ရုံသဘောမျှသာဖွဲ့စည်းထားသည့်ပုံစံဖြစ်ပါသည်။ ခြုံငုံ၍ သုံးသပ်ရလျှင် သာရေးနာရေး ကိစ္စများဆောင်ရွက်ရန်မိရိုးဖလာဖွဲ့စည်းထားသော အဖွဲ့အစည်းများ ကအားကောင်းကြသော်လည်း ကျေးရွာဖွံ့ဖြိုးရေးကို ကောင်းစွာဦးဆောင် စီမံခန့်ခွဲနိုင်သောအဖွဲ့ အစည်းစနစ်တကျမရှိသေးပါ။ကျေးရွာအတွင်းအဖွဲ့အစည်းများစွာရှိသော်လည်းတစ်ဖွဲ့နှင့်တစ်ဖွဲ့လုပ် ဆောင်ချက်များကိုမသိဘဲ အဖွဲ့အစည်းအချင်းချင်းချိတ်ဆက်မှုမရှိဘဲ အားနည်း နေပါသည်။

CamScanner

(ခ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ မိုးရာသီတွင်နှစ်စဉ် မိုးစပါး စိုက်ပျိုးနိုင်ကြသည်။ ကျေးရွာ၏အဓိကစိုက်ပျိုးသီးနှံသည် မိုးစပါးတစ်မျိုးထဲသာ ဖြစ်ပါသည်။ ကျေးရွာတွင်လယ်(၁၀၁) ဧက၊တောင်ယာမြေ(၁၂၆)ဧက၊ဥယျာဉ်ခြံမြေ(၁၀)ဧကနှင့်မြေလွတ်မြေလပ်(၁၃) ဧက စုစုပေါင်း (၂၅ ၀) ဧကရှိပါသည်။ စိုက်ပျိုးမြေများမှာ မြေဆီလွှာအရည်အသွေးအသင့်အတင့်ရှိပါသည်။ စိုက်ပျိုးမြေ တိုးချဲ့ရန် မြေလွတ်မြေလပ်မရှိပါ။ မိုးတွင်အခါ နှန်ဗျူချောင်းရေသည် ကျေးရွာပတ်လည်ရှိ အင်းကောများတွင် ဝင်ရောက်နေသော်လည်း စိုက်ပျိုးရေအဖြစ် အသုံးမပြုနိုင်ခြင်းကြောင့် မိုးရေကိုသာအဓိကထားပြီး စိုက်ပျိုးနေ ရပါသည်။ နန်ဗျူချောင်းရေမှ ရေကို စိုက်ပျိုးရေအဖြစ်အသုံးပြုနိုင်ပါက စိုက်ပျိုးရေးအတွက်အဆင်ပြေလာနိုင်မည်ဖြစ်ပါသည်။ စပါးတစ်ဧကအနည်းဆုံး(၃၅)တင်းမှ အများဆုံးတင်း(၆၀)အထိထွက်ရှိပြီး ပျမ်းမျှတစ်ဧက (၄၅)တင်းနှုန်းထွက်ရှိပါသည်။ မိုးစပါးကို ဂျူလိုင်လတွင်စတင်ပျိုးထောင်စိုက်ပျိုးကြပြီး နိုဝင်ဘာလတွင် ရိတ် သိမ်းကြ ပါသည်။ ရာသီဥတုမှန်လျှင်သော်လည်းကောင်း၊ စပါးသီးချိန်တွင်ချောင်းရေမကြီးပါက စပါးအထွက် နှုန်းအသင့်အတင့်ရှိပါသည်။ ဟင်းသီး/ဟင်းရွက်ကို ဝင်ငွေရသီးနှံအဖြင့် စိုက်ပျိုးကြပြီး တနိုင်းမြို့ဈေးသို့သွားရောက်ရောင်းချကြသည့်အခါများ၌တခါတရံရောင်းမကုန်သည့်အခါမျိုးလည်း ရှိကြပါသည်။

ဥယျာဉ်ခြံစိုက်ပျိုးနိုင်သောမြေ(၁၀)ဧကရှိပြီးနှစ်ရှည်ပင်များဖြစ်သောသရက်ပင်၊အုန်ပင်၊ ဓည်းပင်၊ သစ်မွေးပင်များစိုက်ပျိုးနိုင်သော်လည်းနှစ်စဉ်ရေကြီးသဖြင့် ဖြစ်ထွန်းသင့်သလောက် မဖြစ်ထွန်းပါ။ စီးပွား ဖြစ်စိုက်ပျိုးလေ့မရှိဘဲ အိမ်စားသုံးရန်အတွက်လောက်သာ စိုက်ပျိုးရာတွင် နည်းစနစ်တကျမစိုက်ပျိုးတတ်သဖြင့်သီးနှံများထွက်သင့်သလောက်မထွက်ပါ။ မိရိုးဖလာစိုက်ပျိုးလာသော ဖော်ပြပါသီးနှံများကိုသာ စိုက်ပျိုးနိုင်ကြပြီး အခြားဈေးကွက်ဝင်သီးနှံရွေးချယ်စိုက်ပျိုးနိုင်ခြင်းမရှိပါ။သီးနှံထုတ်လုပ်မှုမှဝင်ငွေနည်းသည့်အတွက်လူငယ်များသည် ပြင်ပသို့ထွက်၍ ဝင်ငွေရှာကြရပါသည်။ အကျိုးဆက်အနေဖြင့် သီးနှံထုတ်လုပ်မှုတွင် လုပ်သားရှားပါး လာပါသည်။

ကျေးရွာအနီး သယံဇာတအနေဖြင့်ကျေးရွာမှ(၁၀)မိုင်ကျော်တွင် ပယင်းတူးဖော်ရရှိနိုင်သဖြင့် ပယင်း မှော်တွင် တနိုင်တပိုင်ကျောက်တူးသွားကြရပါသည်။ကျေးရွာတွင်မြေယာမဲ့ (၅၄) အိမ် ၊ ဆင်းရဲသားတောင်သူ (၈၀) အိမ်၊တောင်သူငယ်(၂၅)အိမ်၊တောင်သူလတ်(၇)အိမ်နှင့်တောင်သူကြီးအိမ်မရှိပါ။မြေယာမဲ့နှင့်ဆင်းရဲသားတောင်သူသည်အရေအတွက်အားဖြင့်(၁၅၂)အိမ်ရှိပြီး၊တောင်သူလတ်နှင့်တောင်သူကြီးမှာအရေအတွက်မှာ(၇)အိမ်သာရှိသဖြင့်မြေယာပိုင်ဆိုင်မှုမှအလွန် ကွာဟချက်ရှိကြောင်းတွေ့ရပါသည်။မြေယာပိုင်ဆိုင်မှုမညီမျှမှုရှိကြောင်းတွေ့ရပါသည်။

CamScanner

ကျေးရွာတွင် အိမ်မွေးတိရိစ္ဆာန်များကို အိမ်တိုင်းနီးပါး မွေးမြူကြသော်လည်း စီးပွားဖြစ် မွေးမြူထားလေ့မရှိပါ။နွားကိုမွေးမြူသောအိမ်ထောင်စု(၉)စုမှနွားကောင်းရေ(၃၀)ကောင်၊ ဝက် ကို အိမ်ထောင်စု(၆၃)အိမ်မှ ဝက်ကောင်ရေ(၈၁)ကောင်း၊ကြက်ကို အိမ်ထောင်စု (၁၂၁) အိမ်မှ အကောင်းရေ (၈၁၆) ကောင်း၊ ဘဲကို (၈)အိမ်မှ အကောင်ရေ(၁၁၂)ကောင် မွေးမြူထားပြီး ကျွဲနှင့် ဆိတ် တို့မွေးမြူးထားခြင်းမရှိကြောင်း တွေ့ရပါ သည်။ မွေးမြူရေးနှင့်ပက်သက်၍ ဈေးနှင့်နီးပြီး ဈေးကွက်အလုံအလောက်ရှိပြီး တိုးမြှင့်မွေးမြူလိုသော်လည်း အရင်းအနှီးနည်းပါးခြင်း၊ မိုးတွင် ရေကြီးခြင်း၊ ရာသီအကူးအပြောင်းတွင်တိရိစ္ဆာန်ရောဂါကို ကာကွယ်သည့် နည်းပညာ ဗဟုသုတ မရှိခြင်းတို့ကြောင့် နှစ်စဉ်ရှုံးဆုံးမှုများနှင့် ရင်ဆိုင်ခဲ့ရပါသည်။ သားသတ်လိုင်စင်များ၏ ခေါင်းပုံ အဖြတ်ခံရခြင်း ၊လွတ်လပ်စွာရောင်းချခွင့် မရှိခြင်း ၊ ဈေးကောင်းမရခြင်း ၊အကျိုးအမြတ်နည်းနေမှု ပြဿနာ များရှိပါသည်။

(ဂ)အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာအတွင်းလက်တူတွင်း(၁)တွင်းသာရှိပြီးအိမ်တိုင်နီးပါး၌ အဝိစီတွင်းတုံကင်ရေ ကိုသာ အသုံးပြုကြပြီးရေအရည်အသွေးကောင်း/မကောင်းမသိကြပါ။ထိုကြောင့် သောက်ရေအရည်အသွေး စစ်ဆေးရန်လိုအပ်ပါသည်။ရေလုံလောက်မှုရှိပါသည်။အဝိစီတွင်း တုံကင်ရေသည် သံချေးပါရှိ နေသ ဖြင့်ရေစစ်၍ သောက် သုံးရသဖြင့် လက်တူးတွင်းများတူးဖော်ပေးရန်လိုအပ်ပါသည်။

ကျေးရွာတွင်မူလတန်းကို ၂၀၁၇ခုနှစ်တွင် ကိုယ်ထူကိုယ်ထစတင်ဖွင့်လှစ်၍ ၂၀၁၈ခုနှစ်တွင် တွဲဖက် မူလတန်းခွဲကိုဖွင့်လှစ်ခွင့်ရရှိ၍ မူလတန်းကျောင်းသူ/ကျောင်းသားဦးရေ(၁၂၂)ခန့် ရှိပါ သည်။ကိုယ်ထူကိုယ်ထကျောင်းဖြစ်၍ကျောင်းဆောင်မှ ထရံကား၊သွပ်မိုး၊ပျဉ်ခင် ခြေတံရှည်ကျောင်း ဖြစ်ပါ သည်။ကျောင်းတွင် အစိုးရခန့် ဆရာ /ဆရာမ မရှိသေး၍ မိဘခန့်ဆရာမများသာရှိပါသည်။ ကျေးရွာမှ လွန်ခဲ့ သော(၃)နှစ်ခန့်ကရွာတည်ခဲ့သဖြင့် ကျောင်းတွင်လိုအပ်ချက်များစွာရှိပါသည်။ ကျောင်းခြံစည်းရိုးမရှိခြင်း၊သင်ထောက်ကူပစ္စည်းများလိုအပ်ခြင်း၊အဓိကမိုးတွင်းတွင် ကျောင်းသွား လမ်းမှမြေသားလမ်းဖြစ်ခြင်းကြောင့်ကလေးငယ်များရွံထူးသောလမ်းသွားရခြင်း၊ချောင်းရေတက် ၍ အင်းထဲမှရေများလမ်းပေါ်တွင်ရှိနေခြင်းကြောင့် ကလေးများသည်ကျေးရွာမှတစ်နှစ်တခါ ဆောက် လုပ်ပေးထားသောလူကူးတံတားကလေးမှ ကျောင်းတက်ရခြင်းကြောင့် တံတားလိုအပ်ခြင်း၊ မူကြို ကျောင်းကို ဝါးထရံကား ၊ ဝါးခင်း၊ တောထန်မိုးဖြင့်ယာယီဆောက်ပေးထားခြင်းကြောင့် ကျောင်း ဆောင် များလဲလိုအပ်ပါသည်။

CamScanner

ရွာတွင်းလမ်းများမှာမြေသားလမ်းဖြစ်ခြင်းကြောင့် မိုးတွင်းအခါသွားလာရေးခက်ခဲပါသည်။ ကျေးရွာရှိ လမ်းများသည်တနိုင်း-မိုင်ခွန်လမ်းမနှင့်ဆက်သွယ်ထားသောလမ်းများဖြစ်သောကြောင့် လမ်းသွယ်များအဝင်လမ်းများသည်မိုးတွင်းရေစီးဆင်းမှုမရှိသဖြင့် အချို့နေရာများသည်ရေသည်(၂) ပေကျော်(၃)ပေခန့်ရှိသဖြင့် ရေ ကြီးချိန်သွားလာရေးအဆင် ပြေရန်အတွက်ရေပြန် တံတား များ ပြုလုပ်ပေးရန်လိုပါသည်။ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေမှကျေးရွာတွင်ကျေးလက်ဆေးပေး ခန်းမရှိပါ၊အနီးဆု(၄)မိုင်အကွာတွင်ဆေးရုံဆေးပေးခန်းရှိပါသည်။အရေးပေါ်ကိစ္စများအတွက်သွား လာရေးအလွန်ခက်ခဲမှုရှိပါသည်။ထို့ကြောင့်အရေးပေါ်ယာဉ်လိုအပ်ပါသည်။ကျေးရွာတွင်ရှိအိမ်တိုင်း နီးပါးယင်လုံ အိမ်သာကို၁၀၀%နီးပါးသုံးစွဲနိုင်ကြပါသည်။ကျေးရွာတွင်မဟာဓါတ်အားလိုင်မရှိပါ။ ဆိုလာအသေးစားများဖြင့်သုံးစွဲသူ(၁၀၀)အိမ်ထောင်စု ၊ဓါတ်ဆီမီးစက်အသေးသုံးစွဲသူ(၃၂)အိမ် ထောင်စု၊အခြားနည်းသုံးစွဲသူ(၃၄)အိမ်ထောင်စုရှိပြီးဓီဝလောင်စာသုံးစွဲသူမရှိပါ။ဆိုလာစနစ်သုံးစွဲသူ (၁၀၀)အိမ်ထောင် စုမှရာသီဥတုမကောင်းပါကအားမပြည့်ပါ။စာကြည်မီးအတွက်သာအသုံးပြုနိုင်ပြီး ကျန်အိမ် သုံးလျှပ်စစ်ပစ္စည်းများအသုံးပြု၍မရနိုင်သောကြောင့်အခက်အခဲများရှိပါသည်။အင်ဂျင်မီး စက်အသုံးပြုရာတွင် ဆီဖိုးနှင့်ပြုပြင် ထိန်သိမ်းစရိတ်ကုန်ကျမှုများပါသည်။ကျန်အိမ်ထောင်စု (၃၄) အိမ်ထောင်စုမှဖယောင်းတိုင်ကိုအသုံးပြုရသောကြောင့်စာကြည့်မီးအလင်းရောင်သာရရှိပြီးအလင်း ရောင်လုံလောက် မှုမရှိပါ။မီးဘေးအန္တရာယ်လဲရှိပါသည်။

ကျေးရွာဈေးမရှိပါ၊ကျေးရွာတွင် အိမ်ဆိုင်အနည်းငယ်သာရှိပါသည်။ကျေးရွာနှင့်(၄) မိုင်ဝေး ကွာသော ဈေးတွင်လိုအပ်သောပစ္စည်းများကိုသွားရောက်ဝယ်ယူသုံးစွဲရပါသည်။

(ဃ)ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု

ကျေးရွာတွင်အစိုးရစိုက်ပျိုးရေးဘဏ်မှချေးငွေရရှိပါသည်ပုံစံ(၇)ရှိသောလယ်တစ်ဧကလျှင် (၁၅၀၀၀၀)ကျပ်နှင့်အများဆုံးချေးငွေရရှိနိုင်ပါသည်။ချေးငွေကာလမှာ-၈လဖြစ်ပါသည်။ ဂျူဆာဒီး ကျေးရွာ တောင်သူအနည်းငယ်သာချေးငွေရရှိပြီး အများစုမှပုံစံ(၇)မရှိသောကြောင့် ချေးယူ၍မရပါ။ စိုက်ပျိုးချေးငွေမရရှိသဖြင့်ပြင်ပငွေချေးသူများထံမှအတိုးနှုန်းမြင့်မားစွာချေးယူ၍စိုက်ပျိုးကြရပါ သည်။သီးနှံစိုက်ခင်းများသည်ရေလွှမ်းမိုးမှုမရှိပါကသီးနှံများ ထွက်ရှိပါကချေးငွေများ ပြန်လည် ပေးဆပ်ရပါသည်။ကျေးရွာမြစိမ်းရောင်ချေးငွေမှာအတိုးနှုန်းသက်သာစွာရရှိပါသည်။အပေါင်းခံမလို သော်လည်းကာလတိုးချေးငွေဖြစ်ပါသည်။လိုသလောက်တော့မရရှိပါ။

(ဇ)ပညာရေး

ကျေးရွာတွင်(၅)နှစ်အထက် လူဦးရေ(၆၇၈)ယောက်ရှိသည့်အနက် စာမတတ်သူ(၁၂၂)ဦး (ကျား၅၃+မ၆၉) မူလတန်းအဆင့်အတန်းပညာပြီးမြောက်သူ(၁၆၁)ဦး(ကျား ၉၇ +မ၆၄)၊ အလယ်တန်းအဆင့်အတန်းပညာပြီးမြောက်(၁၄၃)ဦး(ကျား၇၆+မ၆၇)၊အထက်တန်းအဆင့်အတန်း ပညာပြီးမြောက်သူ(၅၄)ဦး(ကျား၂၆+မ၂၈)၊တက္ကသိုလ်၊ကောလိပ်အဆင့် အတန်းပညာပြီးမြောက်သူ (၈)ဦး(ကျား၅+မ၃)ရှိသဖြင့် ကျေးရွာ၏ စာတတ်မြောက်မှုအခြေအနေအသင့်အတင့်ရှိပါသည်။ အမျိုးသားများသည်အမျိုးသမီးများထက် ပညာတတ်မြောက်သူဦးရေပိုများသည်ကိုတွေ့ရပါသည်။

ကျေးရွာတွင်တွဲဖက် မူလတန်းခွဲကျောင်းသာရှိပါသည်။ကျောင်းဆောင် ၁ ခုသာရှိ၍အကျယ်အဝန်း မှာ(၅၂၅၀)စတုရန်းပေရှိပါသည်။ ကျောင်းဝန်းသည် အကျယ်အဝန်း(၃)ဖက်ကျော်ရှိသော သစ်ပင်ခြုံနွယ်များနှင့်ပြည့်နှက်နေပြီး ကျောင်းခြံစည်းရိုးခတ်နိုင်ခြင်းမရှိသေးပါ။စာသင်ခန်းမှ ပျဉ်ခင်း၊ ထရံကာ(၃) ခန်း(၂)ခန်းသာရှိပါသည်။မူကြိုကလေးငယ်များထားရန်ယာယီဝါးထရံကာ၊ ဝါးခင်း ဖြစ်ဆောက်လုပ်ပေးထားနိုင်ပါသေးသည်။အစိုးရခန့်ဆရာ/ဆရာမ မရှိသေးပါ။ မိဘခန့် ဆရာမ(၃)ဦးကျေးရွာမှပြည်သူလူထုဆီမှအလှူခံ၍ လစာပေးငှားရမ်းထားရပါသည်။ ကျောင်းအိမ် သာစနစ်တကျမရှိသေးပါ။လက်နှိပ်တုံကင်မှ ရေကိုအသုံးပြုနေပါသည်။မိုးတွင်အခါ ကျောင်းသွားလမ်း တွင်ရေကျော်နေခြင်းနှင့်ရွံဖွယ်ထူးထပ်ခြင်းကြောင့်ကျောင်းသူ/ကျောင်းသား ကလေးငယ်များသွားလာရေးအခက်အခဲများရှိပါသည်။ကျေးရွာရှိအလယ်တန်း၊အထက် တန်းကျောင်းသားများသည် ကျေးရွာမှ(၄)မိုင်အကွာအဝေးရှိအထက်တန်းကျောင်းသို့သုံးဘီးဆိုင်ကယ်ဖြင့်သွားရောက်၍ကျောင်း တက်ကြရပါသည်။ အချို့ကျောင်းသားများသည် သွားလားစရိတ် မတတ်နိုင်သဖြင့် ကျေးရွာတွင် ဈေးနှုန်းသက်သာသောကျောင်းအကြို အပို့ကျောင်းကားလိုအပ်ပါသည်။ တွဲဖက်မူလတန်းကျောင်း တွင် အစိုးရခန့်ဆရာ/ဆရာမလိုအပ်ပါသည်။တွဲဖက်မူလတန်းကျောင်းသွားလမ်း သဲကျောက်ခင်း ရန် နှင့်ရေဝပ်သောနေရာတွင် တံတားတည်ဆောက်ရန်လိုအပ်ပါသည်။ သင်ထောက်ကူပစ္စည်းများ၊ ကျွမ်းကျင်သောဆရာ/ဆရာမလိုအပ်ပါသည်။ကျေးရွာသည် ဆင်းရဲသောကျေးရွာဖြစ်ပါသဖြင့် ဆရာ မများ ငှားရမ်းခအတွက် ငွေကြေးအခက်အခဲရှိပါသည်။

(စ)ကျန်းမာရေး

အဖြစ်များသောရောဂါများမှာ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုနိမ့်ပါသည်။ မိုးတွင်ကာလ တွင် ကျေးရွာအတွင်းရေဝပ်ခြင်းနှင့်ခြုံပုတ်များရှိခြင်းကြောင့် သွေလွန်တုတ်ကွေး၊ ငှက်ဖျားရောဂါ အဖြစ်များပါသည်။အသက်ရှူလမ်းကြောင်းကူးစက်ရောဂါနှင့် လိင်မှတဆင့်ကူးစက်နိုင်သောရောဂါ၊ တီဘီရောဂါနှင့် အာဟာရချို့တဲ့မှုရောဂါများဖြစ်ပွားမှုနိမ့်ပါသည်။ ဓါတုဆေးဝါးပါသော အစား

အစာများကို နေ့စဉ်မလွဲမရှောင်သာစားသောက်နေရခြင်း၊ ကျန်းမာရေးလေ့ကျင့်ခန်းပြုလုပ်သည့် အလေ့အထမရှိခြင်းတို့ကြောင့် ဆီးချိုသွေးချို၊ သွေးတိုးရောဂါများ အဆိုးဆုံးဖြစ်ပွားပြီး ကျန်းမာရေးဆေးကုသစရိတ်ကုန်ကျမှုများကြပါသည်။ ကျေးရွာတွင် အခြားကူးစက်နိုင်သောရောဂါများမရှိပါ။ လူငယ်များကြားတွင် မူးယစ်ဆေးဝါကြောင့်လူငယ်အများစုပျက်စီး ရသည့်ပြဿနာ ရှိပါသည်။ ကျန်းမာရေးဗဟုသုတလည်းအားနည်းပါသည်။ ထိုကြောင့် ကျေးရွာကျန်းမာရေး အနေဖြင့် ကျန်းမာရေး ပညာပေးသင်တန်း၊ ကျန်းမာရေးအတွက် လေ့ကျင့်ခန်းသုံးကရိယာများနှင့် အားကစားကွင်းများ လိုအပ်ပါသည်။ကျေးရွာတွင် ကာကွယ်ဆေးများကိုပုံမှန်ထိုးပေးလေ့ရှိပါသည်။

ကျေးရွာတွင်ကျေးလက်ဆေးပေးခန်းမရှိပါ၊ ကျေးရွာနှင့်အနီးဆုံး(၄)မိုင် အကွာအဝေးတွင်ရှိသောဆေးရုံးသို့ သွားရောက်ရပါသည်။ အရေးပေါ်ကိစ္စဖြစ်ပါက ကျေးရွာတွင် အရံသားဖွားတက်ရောက်ပြီးသူရှိသော်လည်း ကျွမ်းကျင်မှုအားနည်းပါသည်။ တနိုင်းမြို့နယ်ဆေးရုံသို့ သွားသောလမ်းသည်ကောင်းသော်လည်း အရေးပေါ် သွားလာရန်ယာဉ်မရှိသောကြောင့် အရေးပေါ်ကိစ္စများအတွက်များစွာအခက်အခဲရှိပါသည်။ ထို့ကြောင့် အရေးပေါ်ယာဉ်လိုအပ်ပါသည်။

(ဆ)အော်အန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် မြေဆီသြဇာ အခြေအနေ အသင့်အတင့်ရှိပါသည်။ပတ်ဝန်းကျင်းတွင် သဘာဝသယံဇာတထုတ်ယူသုံးစွဲသဖြင့် ရာသီဥတု ဖောက်ပြန်မှုများဖြစ်ပေါ်ပါသည်။ လူအသုံးဝင်သော အပင်မျိုးစိတ်များမှ ဝါး၊ သစ်၊ ဆေးဖက်ဝင်အပင်များ၊ သစ်ခွများကို စည်းကမ်းမဲ့ထုတ်ယူသုံးစွဲ ခြင်းနှင့်ထိန်းသိမ်းမှု အားနည်းခြင်းတို့ကြောင့် ရှားပါးလာပါသည်။ ရာသီဥတုဖောက်ပြန်ခြင်းနှင့် ဓါတုဆေးဝါများကို စနစ်တကျသုံးစွဲခြင်းမရှိသောကြောင့် ဖျက်ပိုးနှင့် ရောဂါကာကွယ်ထိန်းချုပ်တွင်လည်း အန္တရာယ်ရှိမှုမြင့်ပါသည်။ သစ်တောပြုန်တီးမှုကြောင့် ရေထွက်နှင့်ရေအရင်းအမြစ်များ ခမ်းခြောက်လာသဖြင့်ရေအရင်းအမြစ်များ အန္တရာယ်ရှိမှုရှိနိုင်ပါသည်။ ဘတ္ထရီဖြင့်ရော့တိုက်ခြင်း၊ ပိုးသတ်ဆေးဘူးခွံများကို လယ်များ၊ ချောင်းများတွင် စည်းကမ်းမဲ့စွန့်ပစ်ခြင်းကြောင့် ငါးမျိုးများပြုန်းတီးလာကြပြီး အန္တရာယ်ရှိမှုမြင့်မား လာပါသည်။ စည်းကမ်းမဲ့ မုဆိုးလိုက်ခြင်းနှင့် ထိန်းသိမ်းမှုမရှိခြင်းကြောင့် အခြားတောရိုင်းတိရိစ္ဆာန်များ လည်းရှားပါးလာပြီး အန္တရာယ်ရှိမှုမြင့်လာပါသည်။ ကျီး၊ ဆတ်၊ တောဝက်၊ တောကြောင်၊ တောကြက်စသည့် အခြားတောရိုင်းတိရိစ္ဆာန် များမှာလဲရှားပါးလာပါသည်။ ကျေးရွာတွင် ရေနှုတ်မြောင်းမရှိခြင်းကြောင့် ချောင်းရေကျချိန်တွင် ကျေးရွာအတွင်းရှိ အင်းထဲတွင်ရေဝပ်နေကျန်ရစ်နေပါသဖြင့် အများပြည်သူသွားလာရန်ခက်ခဲပါသည်။ မိုးရာသီတွင် မိုးဆက်လက်ရွာသွန်နေပါက ချောင်းထဲမှ

ရေများမြင့်တက်လာပြီး ရေကြီးခြင်းဖြစ်ပေါ်လာ၍ စပါးစိုက်ခင်များ ရေနစ်မြုပ်မှုခံရသောကြောင့် တောင်သူများ နှစ်စဉ်ပျက်စီးဆုံးရှုံးရပါသည်။

(၈)ကျား-မရေးရာ

ကျားမဆိုင်ရာ အခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်လေ့ရှိပါသည်။ကျေးရွာတွင် စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ ခေါင်းဆောင်မှုမရှိသေးပါ။အမျိုးသမီးများ သည်ပြည်သူလူထုမှ ရွေးချယ်တင်မြောက်ကြသော်လည် မိမိကိုယ်မိမိ ယုံကြည်မှုအားနည်နေသေးသောကြောင့် တာဝန်ယူနိုင်ခြင်းမရှိသေးပါ။ ခေါင်းဆောင်မှု မရှိသေးသော်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမျိုးသမီးများ သည်တက်စွမ်းသမျှ ပါဝင်လုပ်ဆောင်ခဲ့ကြပါသည်။ ကျေးရွာတွင် မိန်းကလေးများ/အမျိုးသမီးများအား သံသယ ဖြစ်ဖွယ်အကြမ်းဖက်မှု(သို့)တိုင်ကြားမှုများ မရှိကြသော်လည်းအိမ်တွင်း အကြမ်းဖက်မှု (အရက်မူးလာပါကဇနီးနှင့် သားသမီးများအားရိုက်နှက်ခြင်း၊ ဆဲဆိုခြင်း၊အနိုင်ကျင့်ခြင်းမှု)များရှိပါသည်။ ထိုကြောင့်အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ၊ အိမ်တွင်းအကြမ်းဖက်မှု ကာကွယ်တားဆီးရေးသင်တန်းနှင့်ဥပဒေများကို အမြင်ဖွင့်သင်ကြားခြင်းများလိုအပ်ပါသည်။

ကျေးရွာအနီးပတ်ဝန်းကျင်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၊ ထုတ်ကုန်လုပ်ငန်းများသာရှိ၍ ၄င်းလုပ်ငန်းများတွင် အမျိုးသားနှင့် အမျိုးသမီးတစ်ရက်လုပ်အား၁ (၅၀၀၀) တန်တူလုပ်အား၁ရရှိပါသည်။ကျေးရွာတွင်ကျား/မလုပ်အား၁ သိသာစွာခွဲခြားမှုမရှိပဲ တန်းတူရရှိပါသည်။

၄။ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍာ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ	ဦးစားပေးအဆင့်
၁။	အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှုဖွံ့ဖြိုးရေးစီမံကိန်း	၁။အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှုသင်တန်း ၂။စာရင်းနှင့်မှတ်တမ်းရေးသွင်းနည်းသင်တန်း ၃။အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုသင်တန်း ၄။လေ့လာရေးခရီး	၂ ၃ ၄ ၅
၂။	ပညာရေးဖွံ့ဖြိုးမှုစီမံကိန်း	၁။ပညာရေးဝန်ထမ်း အင်းအားတိုးမြှင့်ခန့်ထားပေးခြင်း ၂။သင်ထောက်ကူပစ္စည်းများထောက်ပံ့ပေးခြင်း	၁ ၂

		၃။ကျောင်းအဆင့်မြှင့်ပေးခြင်း	၃
		၄။ကျောင်းဆောင်တိုးချဲ့ဆောက်လုပ်ခြင်း	၄
		၅။ကျောင်းခြံစည်းရိုးကာရံခြင်း	၅
		၆။ကျောင်းသုံးပရိဘောဂ	၆
		၇။ပညာရေးဝန်ထမ်းအိမ်ယာ ဆောက်လုပ်ခြင်း	၇
၃။	ကျန်းမာရေးဖွံ့ဖြိုးမှုစီမံကိန်း	၁။အရေးပေါ် လူနာတင်ယာဉ်	၁
		၂။ကျန်းမာရေးအသိပညာပေးသင်တန်း	၂
		၃။တိုင်းရင်း ဆေးသင်တန်း	၃
၄။	သောက်ရေနှင့်သန့်ရှင်းမှုဖွံ့ဖြိုးမှုစီမံကိန်း	၁။သောက်ရေ အရည်အသွေးစစ်ဆေးခြင်း	၁
		၂။လက်တူးတွင်း များတူးဖော်ပေးရန်	၂
၅။	လမ်းတံတားနှင့်အခြေခံအဆောက်အဦးဖွံ့ဖြိုးမှုစီမံကိန်း	၁။ကျေးရွာအစည်းအဝေး ခန်းမဆောက်လုပ်ခြင်း	၁
		၂။ရွာတွင်းလမ်းများ ပြုပြင်ပေးရန်	၂
		၃။ကျေးရွာအဝင်တွင် ရေပြွန်တံတားများပြုလုပ်ပေးရန်	၃
		၄။ကျေးရွာပတ်လည်တွင်အင်းမှရေနုတ်မြောင်း ဖောက်လုပ်ပေးရန်	၄
၆။	စိုက်ပျိုးရေးသီးနှံထုတ်လုပ်မှုဖွံ့ဖြိုးရေးစီမံကိန်း	၁။စပါးမျိုးကောင်း မျိုးသန့်ရရှိရေး	၁
		၂။လယ်ယာသုံးစက်ကိရိယာ အရစ်ကျရောင်းချခြင်း	၂
၇။	စိုက်ပျိုးရေးရရှိရေးဖွံ့ဖြိုးမှုစီမံကိန်း	၁။ရေနုတ်မြောင်းတူးဖော်၍စိုက်ပျိုးရေးရရှိအောင် ဆောင်ရွက်ခြင်း	၁
၈။	စိုက်ပျိုးရေးနည်းပညာဖွံ့ဖြိုးရေးစီမံကိန်း	၁။စိုက်ပျိုးရေးနည်းပညာသင်တန်း	၁
		၂။ဘက်စုံ ပိုးမွှားကာကွယ်နှိမ်နင်းမှုသင်တန်း	၂
		၃။သဘာဝ မြေဆွေးပြုလုပ်နည်းသင်တန်း	၃
၉။	မွေးမြူးရေးထုတ်လုပ်မှုဖွံ့ဖြိုးရေးစီမံကိန်း	၁။ကြက်၊ဝက်၊ဘဲ မွေးမြူးရေးတိုးမြှင့်ခြင်း	၁
၁၀။	မွေးမြူးရေးနည်း	၁။တိမွေးကုမွမ်းမံသင်တန်း	၁

CamScanner

	ပညာဖွံ့ဖြိုးမှုစီမံကိန်း		
၁၁။	ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုဖွံ့ဖြိုးရေးစီမံကိန်း	၁။အတိုးနှုန်းသက်သာသောနှစ်ရှည်ချေးငွေ	၁
၁၂။	အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖွံ့ဖြိုးမှု စီမံကိန်း	၁။ခေတ်မှီ စက်ကိရိယာတပ်ဆင်ခြင်းလုပ်ငန်း (လက်သမားကိရိယာ၊ပန်းရံကိရိယာ၊စက်ချုပ်ကိရိယာ၊အလှပြင်ဆိုင်ကိရိယာ၊ ရိုးရာယန္တရားကိရိယာ)	၅
၁၃။	အသက်မွေးဝမ်းကျောင်းနည်းပညာဖွံ့ဖြိုးမှု စီမံကိန်း	၁။ရိုးရာယက်ကန်းသင်တန်း: ၂။အလှပြင်သင်တန်း: ၃။စက်ချုပ်သင်တန်း: ၄။ဆိုင်ကယ်၊ကားဝပ်ရှော့သင်တန်း: ၅။ဖုန်းပြုပြင်ခြင်းသင်တန်း: ၆။ပန်းအလှသင်တန်း:	၅ ၆ ၇ ၈ ၉ ၁၀
၁၄	လူငယ်ဖွံ့ဖြိုးရေးစီမံကိန်း	၁။ရိုးရာတီးဝိုင်း ၊ ခေတ်ပေါ်တီးဝိုင်းထူထောင်ခြင်း: ၂။ကွန်ပြူတာသင်တန်း: ၃။အင်္ဂလိပ်စကားပြောသင်တန်း: ၄။မူးယစ်ဆေးကာကွယ်တားဆီးရေးသင်တန်း: ၅။အားကစားကွင်း ပြုပြင်ရန်နှင့် အားကစားပစ္စည်းများပံ့ပိုးခြင်း: ၆။မူးယစ်ဆေး ကာကွယ်တားဆီးရေး အသိပညာပေးသင်တန်း: ၇။လူကုန်ကူး ကာကွယ်တားဆီးရေး အသိပညာပေးသင်တန်း:	၅ ၆ ၇ ၈ ၉ ၁၀ ၁၁

CamScanner

၁၅။	သယ်ယူပို့ဆောင်ရေးဖွံ့ဖြိုးမှုစီမံကိန်း	၁။သုံးဘီး ဆိုင်ကယ်တက္ကစီထူထောင်ခြင်း	၁
၁၆။	သဘာဝဘေးလျော့ချရေးဖွံ့ဖြိုးမှုစီမံကိန်း	၁။ကျေးရွာပတ်လည်၌ ရေနုတ်မြောင်းတူးဖော်ပေးခြင်း ၂။အရံမီးသတ်တပ်ဖွဲ့ထူထောင်ခြင်း ၃။မီးဘေးလုံခြုံရေးအတွက် မီးသတ်ရေကန်၊ ရေစုပ်စက်ထား၍ခြင်း	၃ ၄ ၁
၁၇။	သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဖွံ့ဖြိုးမှုစီမံကိန်း	၁။အသိပညာပေးဟောပြောပွဲ ပြုလုပ်ပေးခြင်း ၂။ဆေးဖက်ဝင် ဘယဆေး စိုက်ခင်းထူထောင်ခြင်း ၃။လူထုထင်းစိုက်ခင်း ထူထောင်ခြင်း ၄။ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အသိပညာပေးဟောပြောခြင်း	၄ ၁ ၆ ၇
၁၈။	အမျိုးသမီးစွမ်းဆောင်ရည်ဖွံ့ဖြိုးမှုစီမံကိန်း	၁။အမျိုးသမီး ကာကွယ်စောင့်ရှောက်နည်းသင်တန်း ၂။အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်း	၃ ၄
၁၉။	မူဝါဒ	၁။စိုက်ပျိုးမြေများပုံစံ (၇) ရရှိရေး	၃

လူမှုစီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ (၂၅ ဇယား)/ (အချို့မြို့နယ်များတွင် ၄၈ ဇယား)

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၆	၁၉	၃၅
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၄၄	၄၉	၉၃
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၄၉	၅၄	၁၀၂
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၄၂	၃၇	၇၉
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၂၄၇	၂၁၉	၄၆၆
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁၆	၁၆	၃၂
စုစုပေါင်း		၄၁၃	၃၉၃	၈၀၆
စုစုပေါင်း အိမ်ထောင်စု (၁၆၆)		တစ်အိမ်ထောင်ပျမ်းမျှလူဦးရေ= ၄.၈၅%		

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အိမ်ထောင်စုပေါင်း ၁၆၆ ရှိပြီး လူဦးရေပေါင်း ၈၀၆(ကျား ၄၁၃ + မ ၃၉၃) ရှိသည်။ တစ်အိမ်ထောင်ပျမ်းမျှ ၄.၈၅%ရှိသောကြောင့် လူဦးရေတိုးပွါးမှုမှာ မြန်မာနိုင်ငံ၏ စံနှုန်းဖြစ်သော ၅ယောက်နှုန်းနီးပါးရှိသည်ကို တွေ့ရသည်။ ကျေးရွာတွင်နို့စို့အရွယ် ကလေးငယ်စုပေါင်း ၃၅ ဦး၊ ၄.၃၄% သာရှိသဖြင့် ယခုနှစ်များတွင် မွေးဖွါးနှုန် အသင့်အတင့်ရှိပါကြောင်းတွေ့ရသည်။ ၅ နှစ်အောက်ကလေး ၉၃ ဦး (၁၁.၅၄%) ရှိသည်ကို သိရှိခြင်းအားဖြင့် ကာကွယ်ဆေးထိုးရမည့် ကလေးအရေအတွက်ကို အတိအကျသိနိုင်ပြီး ကာကွယ်ဆေးထိုးနှုန်မှု အောင်မြင်မှုအခြေအနေကို အလွယ်တကူ တွက်ချက်နိုင်မည်။ မူလတန်းအရွယ် ကလေး ၁၀၂ ဦး (ကျား ၄၉+မ၅၄) နှင့် အလယ်တန်းကျောင်းသားအရွယ် ၇၉ ဦး (ကျား ၄၂+မ ၃၇) သိခြင်းဖြင့် ကျောင်းနေအရွယ်ကလေးတိုင်းကျောင်းနေနိုင်ခြင်းရှိ/မရှိကို အလွယ်တကူ တိုင်းတာနိုင်မည်။ အလုပ်လုပ်နိုင်သော အရွယ်၄၆၆(ကျား ၂၄၇+ မ ၂၁၉)၊ (၅၇.၈၂%) ရှိသောကြောင့် ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေ အသင့်အတင့်များပြားသည်ကို တွေ့ရသည်။ ၄င်းတို့ကို အလုပ်အကိုင်ဖန်တီးပေးခြင်း၊ အသက်မွေးဝမ်းလုပ်ငန်းများ ကျွမ်းကျင်တတ်မြောက်အောင် စွမ်းရည်မြှင့်တင်ပေးနိုင်ပါက ကျေးရွာဖွံ့ဖြိုးရေးအတွက်များစွာ အထောက်အကူဖြစ်မည်။ အလုပ်လုပ်ကိုင်နိုင်သောအရွယ်တွင် အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ၂၂ ဦး (၁၀%) နည်းပါနေသည်ကို တွေ့ရသည်။ ကျေးရွာတွင် သက်ကြီးရွယ်ကြီး ၃၂ဦး (ကျား ၁၆+မ၁၆) ဦး (၃.၉၇%) ရှိကြောင်း တွေ့ရသည်။ ကျေးရွာသည်လွန်ခဲ့သော(၃)နှစ်ကျော်မှ တည်ထောင်ထားသောကျေးရွာဖြစ်ပြီး အမြို့မြို့အနယ်နယ်က လာရောက်ပြီးအခြေချနေထိုင်သူများ ဖြစ်သောကြောင့်သက်ကြီးရွယ်အိုးများ နည်းပါးရခြင်းဖြစ်ပါသည်။

(ဓ) အလုပ်လုပ်နိုင်သူ အင်အား

(ဓ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ယေား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း:	၁၀၉	၁၀၉		မြင့် □ လတ်☑ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:	၃၁	၂၂	၂	မြင့် □ လတ်☑ နိမ့် □
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း:	၂	၄	၁၂၇	မြင့် □ လတ်□ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း:				မြင့် □ လတ်□ နိမ့် ☑
၃	**ငါးလုပ်ငန်း (ရေမျိုး/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း:	၂	၄		မြင့် □ လတ်□ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း:				မြင့် □ လတ်□ နိမ့် ☑
၄	**သစ်တောလုပ်ငန်း:**				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:				မြင့် □ လတ်□ နိမ့် □
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း:**				
	ကိုယ်ပိုင် လုပ်ငန်း:	- ၇	၁၁	၁၅	မြင့် □ လတ်□ နိမ့် ☑

CamScanner

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☑
၆	ထုတ်ကုန်လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☑
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☑
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၂	၄		မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☑
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး				
	ကိုယ်ပိုင် လုပ်ငန်း	၂	၃	၂	မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အဝတ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ၊ စသည်)				
	ကိုယ်ပိုင် လုပ်ငန်း			၁	မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၁	လက်လီ- လက်ကား ရောင်းဝယ်ရေး				
	ကိုယ်ပိုင် လုပ်ငန်း	၈	၁၃	၅	မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး				
	ကိုယ်ပိုင် လုပ်ငန်း			၂	မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း	၁	၁		မြင့် ☐ လတ်☐ နိမ့် ☑
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် အောကင်းလုံခြုံရေး)				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐

CamScanner

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၇	ပညာရေး				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:			၁	မြင့် □ လတ်□ နိမ့် □
၁၈	ကျန်းမာရေး				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:				မြင့် □ လတ်□ နိမ့် □
၁၉	လူမှုရေး လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:	၃	၅	သင်းအုပ်ဆရာ	မြင့် □ လတ်□ နိမ့် ☑
၂၀	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း:				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၁	၁		
၂၁	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:				မြင့် □ လတ်□ နိမ့် □
	စုစုပေါင်း:	၁၆၆	၁၅၄	၁၄၆	☒

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် "မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ "ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)" ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင် အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -"စိုက်ပျိုးရေး" ကဏ္ဍ ၏ "ကိုယ်ပိုင်လုပ်ငန်း"တွင် ရပ်တည်နိုင်မှု "မြင့်" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတည်ထောင် လုပ်ကိုင်ရန် အခွင့်အလမ်းများ နေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အိမ်ခြေ ၁၆၆ရှိသည့်အနက် စိုက်ပျိုးရေးကို အဓိက လုပ်ကိုင်သူ (၁၄၀) အိမ် (ကပ ၁၀၉+ လသ၅၃)၊ ထုတ်ကုန်လုပ်ငန်းမရှိပါ။ ဆောက်လုပ်ရေး လက်သမားလုပ်ငန်း လုပ်ကိုင်သူ ၂အိမ်၊ ဈေးဆိုင်ရောင်းသူ (၃)အိမ်၊ပို့ဆောင်ရေးလုပ် ငန်း လုပ်ကိုင်သူ ၃ အိမ်၊ ဘာသာရေး သင်းအုပ် ဆရာ ၃အိမ်နှင့် ကျပန်းလုပ်ငန်းလုပ်ကိုင်သူ ၁အိမ်၊ စုစုပေါင်း (၁၆၆) အိမ်ဖြစ်သည်။ ၄င်းတို့အနက် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ၁၃၆ အိမ်နှင့် အလုပ် သမား/ဝန်ထမ်းလုပ်ကိုင်သူ ၂၆ အိမ်ဖြစ်သည်။ ဇယား (၁) တွင် အလုပ်လုပ်နိုင်သော အရွယ် (၄၁၂) ဦးရှိသော်လည်း ယခုအလုပ်လုပ်ကိုင်သူ ဦးရေစုစုပေါင်းမှာ (၃၁၆) (၁၄၆ + ၁၅၄=၃၀၀) ဦးနှင့် အလုပ် လုပ်နိုင်သည့်အရွယ် အထက်တန်းနှင့်တက္ကသိုလ်တက်ရောက်နေသူစုစုပေါင်း(၃၀)မှအပကျန်ကျောင်းမနေတော့သည် အလုပ်လုပ်သည့် အရွယ်(၉၆)ဦးမှာ အလုပ်လက်မဲ့ဖြစ်နေကြသည်။ (၁၆၆)အိမ်မှ အလုပ်လုပ်နေသူ၁၅၄ဦးရှိသောကြောင့် မိသားစုစား၀တ်နေရေးအတွက် တစ်အိမ်ထောင်ပျမ်းမျှ ၂ ယောက်အလုပ်လုပ်နေကြောင်း သိနိုင်သည်။ တွဲဖက်လုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦး

ရှိသည်ကို ကြည့်ခြင်းအားဖြင့် ၁၆၆ အိမ်မှ ၃၄ ဦးသည်မိသားစု ရပ်တည်ရေးအတွက် လုပ်ငန်းတစ်မျိုး ထက်ပို၍ လုပ်နေကြရသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၅၀၀၀	၅၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၅၀၀၀	၅၀၀၀	၅၀၀၀	၅၀၀၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၅၀၀၀	၅၀၀၀	၅၀၀၀	၅၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဝင်ငွေရလုပ်ငန်း ၃ မျိုးရှိသည်ကို တွေ့ရသည်။ ၄င်းတို့မှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ထုတ်ကုန်လုပ်ငန်း၊ ဆောက်လုပ်ရေး လက်သမား၊ ပန်းရံလုပ်ငန်းများ နှင့် ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်းများဖြစ်သည်။ ၄င်းလုပ်ငန်းများအနက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ထုတ်ကုန်လုပ်ငန်းများတွင်အမျိုးသားနှင့် အမျိုးသမီးလုပ်အားခတန်းတူရကြပါသည်။ ကျေးရွာတွင် ကျား/မ လုပ်အားခ သိသာစွာ ခွဲခြားမှုမရှိဘဲ တန်းတူရသည်ဟု ဆိုနိုင်ပါသည်။သတ္တုတူးဖော်ရေးလုပ်ငန်းသည် နေ့စားလုပ်ကိုင်ခြင်းမဟုတ်ဘဲကိုယ်တိုင်တူးဖော်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၁၀၁	ကောင်း ☐	သင့် ☑	ညံ့ ☐
ယာမြေ / ထောင်ယာမြေ	၁၂၆	ကောင်း ☐	သင့် ☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	၁၀	ကောင်း ☐	သင့် ☑	ညံ့ ☐
ကိုင်း/ကျွန်းမြေ	၀	ကောင်း ☐	သင့် ☐	ညံ့ ☑
ဓနိတောမြေ	၀	ကောင်း ☐	သင့် ☐	ညံ့ ☑
စားကျက်မြေ	၀	ကောင်း ☐	သင့် ☐	ညံ့ ☑
မြေလွတ် မြေလပ်	၁၃	ကောင်း ☐	သင့် ☑	ညံ့ ☐
စုစုပေါင်း			☒	

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လယ် ၁၀၁ ဧက၊ တောင်ယာမြေ ၁၂၆ဧက၊ ဥယျာဉ်ခြံမြေ ၁၀ ဧကနှင့်မြေလွတ်မြေလပ် ၁၃ ဧက၊ စုစုပေါင်း မြေ (၂၅၀)ဧက ရှိသည်။ ကိုင်း/ကျွန်းမြေမှာ မရှိပါ။ ကျန်စိုက်ပျိုးမြေများမှာ မြေဆီလွှာအရည်အသွေး သင့်သည်။ မြေလွတ်မြေလပ်များရှိသော်လည်း ရေကြီးသည့်အခါရေနစ်ဝန်းဖြစ်ပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက်၊ ရွှေ စသည်။)	များ ☐ သင့် ☐နည်း ☑ မရှိ ☐	လွယ် ☐ ခက်☑အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ခက်☐ အသုံးမပြုနိုင်ပါ ☑
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက်☑အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐မရှိ ☑	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီး ဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် သဘာဝအရင်းအမြစ်များအနေဖြင့် ကျေးရွာနှင့် (၁၀)မိုင်နီးပါးဝေးသော နေရာတွင် ပယင်ကျောက်များတူးဖော်ရရှိနိုင်ပါသည်။သဘာဝပေါက်ပင်များအနေဖြင့် သဘာဝပေါက် ဆေးဖက်ဝင်အပင်များမှာ ဆေးခါးပင်၊ နန္တင်းနက်၊ နန္တင်းဝါ၊ ကချင်ဆေးပင်အ မြစ်/အရွက်၊ ဆေးသစ်ခွ၊ ပန်းသစ်ခွ၊ ဝါးစသည်များ အနည်းငယ်ရှိသော်လည်း ကျွမ်းကျင်မှုမရှိသောကြောင့် ကျေးရွာပဲ့ဖြိုးရေးအတွက် ထိရောက်စွာအသုံးမပြုနိုင်ကြပါ။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု				
အိမ်အခြေအနေ				
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု				
အဓိကစီးပွားရေး လုပ်ငန်း				
အိမ်ထောင်စု (၁၆၆)	၇	၂၅	၈၀	၅၄

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။
လေ့လာတွေ့ရှိချက်။ ။ကျိုဆာဒီးကျေးရွာတွင် အိမ်ခြေ ၁၆၆ အိမ်ရှိပြီး အဆင့် ၁ (၇) အိမ် (၄.၂၂%)၊ အဆင့် ၂ (၂၅)အိမ် (၁၅.၀၆%)၊ အဆင့် ၃ (၈၀) အိမ် (၄၈.၂၀%)၊နှင့် အဆင့် ၄ (၅၀) အိမ် (၃၂.၅၃%) ရှိသည်။ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ ထုတ်လုပ်မှုနှင့်ဆိုင်သောပစ္စည်း ပိုင်ဆိုင်မှုနှင့် ထုတ်လုပ်မှုနှင့်မဆိုင်သော ပစ္စည်းများပိုင်ဆိုင်မှုသည် ကျေးရွာစီးပွါးဥစ္စာဓနအဆင့် ခွဲရာတွင် အဓိက အရေးပါသည်ကို တွေ့ရသည်။ ကျေးရွာတွင် အဆင့် ၁ နှင့် အဆင့် ၂ အိမ်အရေအတွက်မှာ နည်းပြီး ၁၆၆ အိမ်ထောင်စုအနက် (၃၄) အိမ်သာ ရှိသော်လည်းပိုင်ဆိုင်မှုအနေဖြင့် များပြားစွာ ပိုင်ဆိုင်မှုမရှိသော်လည် ဝမ်းစာလုံလောက်မှုရှိခြင်း၊ အဆင့် (၃) အဆင်မပြေနှင့် အဆင့် (၄) အလွန်အဆင်မပြေအိမ်ထောင်စု အရေအတွက်မှာ ၁၆၆ အိမ်အနက် ၁၃၂ အိမ်ရှိသည်။ အရေအတွက်များသော်လည်း ပိုင်ဆိုင်မှုမှာ အလွန်နည်းပြီး ဝမ်းစာဖူလုံမှုမရှိကြပါ။ ထို့ ကြောင့် အများစုဖြစ်သော အဆင့် ၃ နှင့် အဆင့် ၄ အိမ်ထောင်စုများသည် အဆင့် ၁ နှင့် အဆင့် ၂ အိမ် များသို့ ကျပမ်းသွားရောက် လုပ်ကိုင်ကြရသော်လည်း ပုံမှန်အလုပ်အကိုင်မရှိ၊ လုပ်အားခမှာလည်း အလွန်နည်း သောကြောင့် ပြင်ပ (ပြည်တွင်း/ပြည်ပ) သို့ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်စားသောက်ကြရသည်။

(ဇ) ထိခိုက်လွယ်မှု

(ဇ-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီမှကောက်ယူမည်)

အမျိုးကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစားပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစားပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစားပြောင်းလဲစား = _____ အစာလျှော့စား = _____

အမျိုးကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
		အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားဓလေ့ယူ = _____

ရင်းမြစ်..ဥစ္စာနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အဆင့် (၃) အိမ်နှင့် အဆင့် (၄) ၁၃၂ အိမ်ရှိသောကြောင့် ဝမ်းစာဖူလုံမှုနှင့်အကြွေးတင်ရှိမှုစစ်တမ်းအရအိမ်တိုင်းနီးပါးရှိသော်လည်ပယင်မှော်သွားပြီးလုပ်ကိုင်စားသောက်နေသော ကြောင့်အထက်အကြောင်းအရာမှချေးယူစားသောက်ရခြင်းများရှိပါသည်။

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၈		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုများ မရှိပါ။ သက်ကြီးရွယ်အိုရှိသော်လည် မိသားစုအတူနေထိုင်စားသောက်ကြခြင်းဖြစ်ပါသည်။ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုမှာ ၉စု၊ ဆင်းရဲ၍ မိသားစုဦးရေများသည့် အခြားဒေသသို့ကြာမြင့်စွာသွား ရောက်နေထိုင်သည့်မိသားစု(၁၇)စုသာ တွေ့ရှိရပါသဖြင့် ၄င်းတို့အတွက် အလုပ်အကိုင် အခွင့်အလမ်းနှင့် အသက်မွေးဝမ်းလုပ်ငန်းကျွမ်းကျင်မှု ရှိလာပါက ဆင်းရဲသားများ မိသားစုဝင်ငွေ တိုးလာနိုင်ပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ ရိုက်ပျိုးရေ)	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☑	လတ် ☐	နိမ့်☐	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐ ☒	လတ် ☐	နိမ့်☐	မရှိ
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☑	နိမ့်☑	မရှိ ☐
၆	မုန်တိုင်း	မြင့် ☐ ☒	လတ် ☐	နိမ့်☐	မရှိ
၇	ငလျင်	မြင့် ☐ ☒	လတ် ☐	နိမ့်☐	မရှိ
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐

CamScanner

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☒	လတ် ☐	နိမ့် ☐	မရှိ ☐
၁၂	၄က်ဖျားရောဂါ	မြင့် ☐	လတ် ☑	နိမ့် ☐	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☑	နိမ့် ☐	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☑	လတ် ☐	နိမ့် ☐	မရှိ ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☑	လတ် ☐	နိမ့် ☐	မရှိ ☐
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့် ☒	မရှိ ☐
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ၄က်ခဲ့ စသည်	မြင့် ☐	လတ် ☑	နိမ့် ☐	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေအရ ဝမ်းစာမဖူလုံမှု၊ သစ်တောပြုန်းတီးမှုနှင့် တိရစ္ဆာန်ကူးစက်ရောဂါ ကျရောက်မှုတို့မှာ ထိခိုက်လွယ်မှုမြင့်သည်။ ဝမ်းစာမဖူလုံမှု မြင့်ရခြင်းမှာ သီးနှံအထွက်နှုန်းနည်းခြင်း၊ စိုက်ပျိုးမြေနည်းခြင်း၊ စိုက်ပျိုးရေအနေဖြင့် သွင်းရေမရဘဲ မိုးရေကိုသာ အားကိုးနေရခြင်း၊ နည်းပညာအားနည်းခြင်းတို့ကြောင့် ဖြစ်သည်။ သစ်တောပြုန်း တီးမှု မြင့်ရခြင်းမှာ သစ်တောများကို စည်းကမ်းမရှိစုတ်လှဲခြင်း၊ ဥပဒေစိုးမိုးမှု အားနည်းခြင်း၊ ရွှေပြောင်းတောင်ယာ စနစ်ကျင့်သုံးခြင်း တို့ကြောင့်ဖြစ်သည်။ တိရစ္ဆာန်ကူးစက်မှု ရောဂါကျရောက်မှု မြင့်ရခြင်းမှာ တိမ်းကွာနမှ ဝန်ဆောင်မှု လုံလောက်စွာ မရရှိနိုင်ခြင်းနှင့် ကာကွယ်ဆေးထိုးဝန်ဆောင်မှု မရှိခြင်းကြောင့်ဖြစ်သည်။

ငှက်ဖျားရောဂါကျရောက်မှု ထိခိုက်လွယ်မှုလတ်ဖြစ်ရခြင်းမှာ ကျေးရွာပတ်ဝန်ကျင်တွင် ရေကြီးကျန်ရစ်ခဲ့သည့် အင်းထဲမှခြင်ပေါက်ပွားခြင်းနှင့် ဆင်းရဲသားမိသားစုမှာ ခြင်ထောင်သုံးစွဲနိုင်ခြင်း မရှိသောကြောင့် ဖြစ်သည်။ကိုယ်ခံအားကျဆင်းမှု ရောဂါထိခိုက်လွယ်မှု လတ်ဖြစ်ရခြင်းမှာ မူးယစ်ဆေးဝါး သုံးစွဲသူများရှိပြီး ၄င်းမှတဆင့်ကူးစက်သောကြောင့်ဖြစ်သည်။ ကျန်ထိခိုက်လွယ်မှု အမျိုးအစားများမှာ နိမ့်ဖြစ်သည်။

